# လက်နက်တပ်ဆင်ထားသော မောင်းသူမဲ့လေယာဉ်နှင့် ရင်ဆိုင်ရပါက လိုက် နာရမည့် တစ်ကိုယ်ရည် ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာ လက်တွေ့လမ်းညွှန်ချက်

## တစ်ကိုယ်ရည်ဘေးကင်းရေး

| အဆောက်အဦးအတွင်း၌ရှိနေစဉ် မောင်းသူမဲ့လေယာဉ်ရောက်လာပါက | |
|---|---|
| **ဆောင်ရန်** | **ရှောင်ရန်** |
| အကောင်းဆုံးမှာ အပြင်ဖက်နှင့် မိမိအကြား နံရံအခိုင်အမာနှစ်ထပ်ရှိနိုင်မည့် အခန်းကို ရှာပါ။ | **ပြတင်းပေါက်အပြင်သို့ မကြည့်ရပါ။** |
| ခိုင်မာသော ပရိဘောဂများဖြစ်သည့် စားပွဲခုံများ (သို့) ကုတင်များကို ဗုံးစများမှ အကာအကွယ်ယူရန် အကာအကွယ်အဖြစ် အရေးပေါ်အသုံးပြုနိုင်သည်။ | **လွင့်စင်နိုင်သဖြင့် ပြတင်းပေါက်များ (သို့) သစ်သားတံခါးများမှ အဝေးတွင်နေပါ။** |
| ရနိုင်ပါက သတ္တုအုတိုင်ပါသည့် မွေ့ယာ (စတီးမွေ့ယာ)များသည် အပူချိန်အာရုံခံကင်မရာပါသည့် မောင်းသူမဲ့လေယာဉ်များမှ အနည်းငယ်ကာကွယ်မှုပေးနိုင်သည်။ | **စောင်များသည် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုခံရစဉ်အတွင်း ထိရောက်စွာ အကာအကွယ်မပေးနိုင်ပါ။** |
| ပြတင်းပေါက်များမှ အဝေးတွင်နေရမည် ဆိုသော်လည်း ခန်းဆီးနှင့် အကာများပိတ်ခြင်း (သို့) အတားအဆီးများတပ်ဆင်ခြင်းတို့ ပြုလုပ်နိုင်သည်။ | **မိမိကိုယ်ကို ပြတင်းပေါက်အနီး (သို့) အပြင်ထွက်သော အပေါက်များအနီးတွင် မရှိပါစေနှင့်။** |
| လူအများ ပုန်းခိုရန် ပုံမှန်အသုံးပြုမည့်နေရာဖြစ်ပါက မှန်စများ လွင့်စင်ခြင်းကို နည်းပါးစေမည့် ဗုံးဒါဏ်ခံ အလွှာများ၊ duct tape များကို ပြတင်းပေါက်များတွင် ကပ်ပါ။ | **ဗုံးဒါဏ်ခံ အလွှာများ၊ duct tape များကို ပြတင်းပေါက်များကပ်ထားပြီး ဖြစ်သော်လည်း မှန်စများ လွင့်စင်နိုင်သေးသည့်အတွက် ပြတင်းပေါက်အနီးတွင် ပုန်းခိုခြင်း မပြုရပါ။** |

| | |
|---|---|
| မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရမှုအတွင်း နောက်ဆက်တွဲအန္တရာယ်များဖြစ်သည့် မီးလောင်ကျွမ်းခြင်း (သို့) ပေါက်ကွဲခြင်းများ ဖြစ်နိုင်သည်ကို သတိရှိပါ။ | **အနီးနားတွင် ပေါက်ကွဲမှု (သို့) မီးလောင်မှုကြောင့် အောက်ဆီဂျင် ဆလင်ဒါအိုးများ ပေါက်ကွဲနိုင်သဖြင့် ၄င်းအနီးအနားတွင် မပုန်းခိုသင့်ပါ။** |
| ပုန်းခိုစရာနေရာမှ အနည်းဆုံးထွက်ပေါက် (၂)ခု ရှိစေရန် သေချာအောင် လုပ်ဆောင်ထားပါ။ | **ပစ်မှတ်ထားခံရနိုင်သဖြင့် အဆောက်အအုံ၏ အထက်ပိုင်း အလွှာများတွင် မနေပါနှင့်။** |
| ဖြစ်နိုင်မည်ဆိုပါက လူနာများအတွက် အပြင်ဖက်နှင့် နံရံနှစ်ထပ်ခြားသော အခန်းများတွင် ထားခြင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် နောက်ဆက်တွဲအန္တရာယ်ရှိသော နေရာများကို ရှောင်ကြဉ်ခြင်းစသော အမြင့်ဆုံးလုံခြုံရေးအစီအမံများကို ထားရှိပါ။ | **မြင်သာသော နေရာများတွင် ကျန်းမာရေးဝန်ဆောင်မှုပေးခြင်း မလုပ်ရပါ။ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း လူနာများကို မထားရစ်ခဲ့ရန် လုပ်ဆောင်နိုင်မည့် နည်းလမ်းအားလုံးကို လုပ်ဆောင်ပါ။** |

အစီရင်ခံစာ အပြည့်အစုံကို ဖတ်ရှုရန် ဤနေရာကို နှိပ်ပါ။

အပြင်ဖက်၌ ရှိနေစဉ် မောင်းသူမဲ့လေယာဉ်နှင့် ကြုံတွေ့ပါက လုပ်ဆောင်ရန် လမ်းညွှန်ချက်ကို ဖတ်ရှုရန် ဤနေရာကို နှိပ်ပါ။

မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း တုံ့ပြန်လုပ်ဆောင်ရန် လမ်းညွှန်ချက်ကို ဖတ်ရှုရန် ဤနေရာကို နှိပ်ပါ။

ဤစာစောင်အား Insecurity Insight အဖွဲ့မှ ထုတ်ဝေသည်။ ဤစာအုပ်ပါ သုံးသပ်ချက်များနှင့်ထင်မြင်ချက်များမှာ ထုတ်ဝေသူ Insecurity Insight အဖွဲ့နှင့်သာ သက်ဆိုင်သည်။ Insecurity Insight အဖွဲ့သည် လူသားချင်းစာနာမှု ဆိုင်ရာ စည်းမျဉ်းများကို ကတိကဝတ်ပြုလိုက်နာသော Humanitarian to Humanitarian (H2H) အဖွဲ့အစည်းဖြစ်သည်။ ပါဝင်သော အကြောင်းအရာများအတွက် Insecurity Insight အဖွဲ့မှ တာဝန်ယူသည်။ ဤစာစောင်ပြုစုရန် UK အစိုးရထံမှ ပံ့ပိုးသော H2H ရန်ပုံငွေ မှ အထောက်အပံ့ရှိသည်။ ဤစာစောင်တွင် ပါဝင်သော အကြောင်းအရာများအတွက် H2H ကွန်ရက်(သို့) UK အစိုးရတွင်တာဝန်မရှိသကဲ့သို့ဤစာစောင်တွင် ပါဝင်သော ထင်မြင်ချက်များမှာလည်း ၎င်းတို့အာဘော်မဟုတ်ပါ။

**https://bit.ly/SRMDronesMMROutside**